

# ရွှန်းရမိမိုး

မညီမျှခြင်းရဲ့တစ်ဖက်သီမှာ

"ဒုန်း…ဒုန်း"

"မိုးလ ငါနောက်ဖေးက အသံကြားသလိုပဲ"

"အေး…ငါလည်း ကြားတယ်၊ ဒီပါ သွားကြည့်လိုက်ပါကွာ"

"မင်း သွားကြည့်ပါလား"

ကိုယ့်အခန်းမှာ တနင်္ဂနွေ ကိုယ်အလုပ်မဆင်းရတဲ့ နေ့တွေပဲ အေး အေးလူလူ နားရတာမို့ မိုးလနဲ့ ဒီပါ ဇိမ်ယူနေတုန်း နောက်ဘက်က အသံကြားရတာပါ။

"ဒုန်း"

"ဟာ…ဒီပါ၊ သွားကွာ"

"မသွားရဲဘူးကွ၊ သရဲလား မသိဘူး"

"မင်းကြီးတော်က နေ့ခင်းကြောင်တောင် ခြောက်မလားကွ"

"ဟင့်အင်း…ငါ့ကြီးတော်က မသေသေးဘူး၊ ဖြစ်ခြင်းဖြစ် မင်းကြီး တော်ပဲ ဖြစ်လိမ့်မယ်၊ မင်းသွားတွေ့ "

"ဒုန်း"

"ဟာကွာ"

နှစ်ယောက်သား ငြင်းခုန်နေတုန်း အသံက အဆက်မပြတ် ထွက်

လာတာမို့ မိုးလက နောက်ဖေးကို ထပြေးတော့သည် ။

“ဟာ…ကြေကွဲပြီ”

“ဘာလဲ၊ ဘာဖြစ်တာလဲ”

လှေကားက ဖျက်ခနဲ ဆင်းသွားသော အရိပ်တစ်ခု။ အရေးပေါ်ကြောင်လိမ်လှေကားက သက်တမ်းကြာပြီမို့ သံချေးအထပ်ထပ် ဖြစ်နေပြီ။ ထိုလှေကားပေါ်ကို မကြောက်မရွံ့ တက်ရဲတာ ဘယ်သူဖြစ်အုံးမလဲ၊ အောက်ထပ်က ဂျမ်းတောပဲပေ့ါ။

ဟုတ်တယ်၊ ဂျမ်းတောဟု နှစ်ယောက်သား နှစ်ဦးသားသဘောတူ နာမည်ပေးထားသော အကြီးမ။ အကြီးမဆိုတာက အောက်ထပ်မှာ ညီမနှစ်ယောက်နဲ့ သူတို့ ကြီးတော်ကြီးသာနေတာမို့ ယောက်ျားဘသား မရှိရှာသော မိသားစုမှာ ထိုအစ်ကြီးမဟာ သူပဲ နေရာတကာ စွာစွာတက် ဂျမ်းတောမ လုပ်တတ်လွန်းလို့ ဂျမ်းတောလို့ နာမည်ပေးထားရတာပါ။

ခုလည်း သူတို့ အပေါ်ထပ်ကို နောက်ဖေးလှေကားကနေ မကြောက်မရွံ့တက် လာပြီး မိုးလ နှစ်သက်တဲ့ နှင်းဆီဖြူပင်အိုးကို ကိုင်ပေါက် ပေါက်ခွဲသွားတာ။ ပန်းအိုးတစ်အိုးလုံး အိုးတခြား မြေကြီးတခြား ပန်းပင်တခြား နှင်းဆီဖြူပွင့်လေးခများကြွေမွလို့ ။

ဒါတမင်ပညာတက်ပြသွားတာ။ မိုးလ ပန်းပင်ရေလောင်းရင် အောက်ထပ်ကို ရေကျလို့ ဖြစ်ရမည်။ ရက်စက်လှတဲ့ ဂျမ်းတောမ။

အခြေအနေကို ရိပ်မိလိုက်ပြီဖြစ်တဲ့ မိုးလတို့ နှစ်ဦးဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မိုးလကဒေါသတွေ ဖြစ်လာကာ ဒီပါကတော့ ပြုံးစိစိ စပ်ဖြဲဖြဲ ဖြစ်လာခဲ့ပြီး မိုးလရဲ့ ဒေါသကို ရိပ်မိကာ ရယ်လ

ည်း မရယ်ချလိုက်ရဲဘဲ ပါးစပ်က ဖွင့်မလို ပိတ်မလို ဟစိ ဟစိ ဖြစ်နေသည် ။

“ငါ သွားပြောမယ်”

“တော်ပါကွာ၊ သူတို့ အထပ်ကို ရေကျလို့ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ သူက တခြားသူမှ မဟုတ်တာ၊ မင်းသိပ်ချစ်လှပါချည်ရဲ့ ဆိုတဲ့ ဂျမ်းတောမလေ”

“အဲဒါကြောင့် စိတ်ကပိုတိုတာ”

“ဗုဒ္ဓေါရေ … ချစ်သူဖြစ်နေလို့ စိတ်ပိုတိုတယ်ဆိုတာ မင်း တစ်ယောက်ပဲ ရှိမယ်ထင်တယ်”

“ဟုတ်တယ်လေ။ ဒီပန်းအိုး ဝယ်လာကတည်းက ငါ ဘယ်လောက်မျှော်လင့်ချက်ထားခဲ့သလဲ၊ မင်း အသိဆုံး။ ပြီးတော့ ဒီပန်းပွင့်ရင် သူ့ကိုပေးဖို့ ရည်ရွယ်ထားတာလည်း မင်း အသိဆုံး။ ခုတော့ သွားပြီ”

“အဲဒါ … မင်း ဘယ်လိုသွားပြောမှာ လဲ ပြော။ ငါ မင်းကိုပေးမယ့်ပန်းကို ဘာလို့ ချေပစ်တာလဲလို့ ပြောမလို့ လား”

“ခုမှ အဲလိုပြောလို့ ရတော့မလားကွာ၊ ဘာပဲဖြစ်ဖြစ် သူတစ်ပါးပိုင်နက်ကြူးလွန်ပြီး သူတစ်ပါးပစ္စည်းကို လာဖျက်ဆီးသွားတာကိုတော့ ငြိမ်ခံလို့ မရဘူး၊ သွားပြောရမယ်”

မိုလက ပြောပြောဆိုဆို အောက်ထပ်ကို ဆင်းသွားပြီး တံခါးသွားခေါက်သည် ။ တံခါးဖွင့် လာပြီး သူကမှ မပြောခင်…

“ဘာလဲ … ဘာကိစ္စလဲ၊ ပန်းအိုးကိစ္စလား၊ ရှင့်ပန်းအိုးကိုရေလောင်းတိုင်း ဒီအောက်ကို ရေကျတာ မကျေနပ်လို့ ခွဲပစ်တာ ရှင်းလား၊ ဘယ့်နှယ် သစ်ပင်စိုက်ချင်ရင်လဲ ခြံနဲ့ ဝင်းနဲ့ သွားစိုက်ပေ့ါတော်၊ ခုတော့ ခြော

က်လွှာပေါ်တက်နေပြီး ဝရန်တာထွက် သစ်ပင်စိုက်ရတယ်လို့ စိုက်လည်း လွတ်လွတ်လပ်လပ် သူများကို မထိခိုက်အောင်စိုက်ပေ့ါ၊ ခု တော့”

ပြောပြီးတာနဲ့ တံခါးကို ဂျိမ်းခနဲမြည်အောင် ပြန်ပိတ်သွားသည် ။ မိုးလ ဘာမှ မပြောလိုက်ရပါ။

“သက်ညှာရယ်၊ ညည်းကလေးက သိပ်ပြဿနာရှာတာပဲ၊ ကိုယ့်မှာ မိန်းကလေးတွေချည်းပဲ နေရတာ၊ ပတ်ဝန်းကျင်နဲ့ တည့်အောင်ပေါင်းမှ ပေ့ါ၊ ခုတော့ ရှေ့ခန်းနဲ့ ဖြစ်လိုက်၊ အောက်ထပ်နဲ့ ဖြစ်လိုက်၊ အပေါ်ထပ်နဲ့ ဖြစ်လိုက်နဲ့ ညည်းပြဿနာရှာပြီးတိုင်း ငါနဲ့ သတ်ပုံမှာ လိုက်ပြီး ပြုံးပြရတာအမော ”

“ကြီးကြီးတို့ က အဲဒါခက်တာပေ့ါ၊ ညှာက တမင်အကြောင်းမဲ့ ပြဿနာရှာတာမှ မဟုတ်တာ ကြီးကြီးရဲ့ ၊ ကိုယ့်ကိုကျောတယ်ထင်လို့ အကျောမခံတာ ပတ်ဝန်းကျင်ဆိုတာက မိန်းကလေးတွေချည်းပဲဆိုပြီး အထင်တသေးနဲ့ သွေးတိုးစမ်းချင်ကြတာ ”

“အေး … အဲလို ညည်းပဲသိ ညည်းပဲတတ် လုပ်တိုင်းမပြောခဲ့တာ၊ အခုဟာက အပေါ်ထပ်နဲ့ ပါ ထပ်ဖြစ်တယ်၊ ရေကျရင်လည်း အေးအေးဆေးဆေး ပြောပေ့ါ၊ ဘာလို့ သူများ ပစ္စည်းကို သွားဖျက်ဆီးရတာလဲ”

“ပြောလည်း ထပ်လုပ်မယ့်ရုပ်တွေ”

“သက်ညှာနော် ပြောလေကဲလေ မလုပ်နဲ့ နော်၊ ညည်းနဲ့ ကလေ တိုက်ခန်းနဲ့ နေလို့ မရဘူး၊ ခြံနဲ့ ဝင်းနဲ့ ရှာဝယ်မှ ကိုဖြစ်တော့မယ်”

“ကောင်းတယ်၊ ညှာလည်း တိုက်ခန်းနဲ့ မနေချင်ပါဘူးနော်”

ကြီးကြီးက လက်မြှောက်လိုက်ပုံဖြင့် မီးဖိုထဲ ပြန်ဝင်သွားသည် ။

အေးဆေးသော သတ်ပုံကတော့ ကွန်ပျူတာရှေ့ထိုင်ပြီး Game ကစား နေသည် ။ သူမတို့ ပြောနေတာတွေကို မကြားသည့်အလား။

"သတ်ပုံ … ကျူရှင်မသွားဘူးလား။ တစ်နေ့ တစ်နေ့ အဲဒီ Game ပဲ ကစားနေ၊ ငါ့ကွန်ပျူတာက ငါအလုပ်လုပ်ရတယ် မရှိဘူး၊ သူ Game ကစားဖို့ ဝယ်ပေးထားတာ ကျနေတာပဲ"

"ဟာကွာ၊ မညာတို့ အိမ်မှာ နေရင် သိသာသလား မမေးနဲ့ ။ သူအလုပ်သွားတာပဲ ကောင်းတယ်"

သတ်ပုံက ပွစိပွစိနဲ့ အခန်းထဲဝင်သွားပြီး ကျောပိုးအိပ်ထဲ တွေ့ကရာ စာအုပ် ပစ်ထည့်ကာ အပြင်ကို ခြေလှမ်းပြင်သည် ။

"ဒါက ဘယ်လဲ"

"ကျူရှင်"

"အေး … ငါပြောမှ ကျူရှင်သွားတာလေ၊ ငါမပြောရင်တစ်နေကုန် Game လို့ ပြီးမှာ မဟုတ်ဘူး "

သတ်ပုံက အပြေးတစ်ပိုင်းကို အနားက ထွက်သွားသည် ။

"အဲဒါပဲ၊ ပြောတော့သာ ပြောတယ်ဖြစ်တာ၊ ပြောတာသာ လူကြားတာ ပြောအောင်လုပ်တာကျတော့ လူမသိကြဘူး"

သက်ညှာ တစ်ကိုယ်တည်း ပွစိပွစိလုပ်နေသဖြင့် ကြီးကြီးကလည်း နောက်ထဲကနေ လုံးဝကို ထွက်မလာတော့ပါ။ မီးဖိုထဲမှာ ပဲဟင်းတစ်မျိုးပြီးတစ်မျိုး ထိုင်ချက်နေလိုက်သည် ။

ဒီတူမလေးဟာ မိသားစုကို ဦးစီးဦးဆောင် ပြုနေတာလည်း အမှန်ပါ။ ဒါပေမဲ့ သေးသေးညှန်ညှန် သူ့ပါးစပ်ကလေးနဲ့ ဗလစ် ဗလစ် လု

ပ်တာက တော်တော်ဆိုးရွားတာပင်။

ဒီတူမလေးနှစ်ယောက်ဟာ အကြီးမ သက်ညှာ ဆယ်တန်းအောင်သည့်နှစ်မှာ ပင် မိဘနှစ်ပါးစလုံး သင်္ဘောမှောက်သည့်အထဲ ပါသွားပြီး မိဘမဲ့ ဖြစ်ရရှာသည် ။

မိမိမှာ က သားထောက်သမီးခံ မရှိပဲ အပျိုကြီးဘဝဖြင့် လူဝတ်ကြောင် စွန့်ပြီးကာမှ ဒီကလေးနှစ်ယောက်အတွက် အပူမငြိမ်းနိုင်ဘဲ ရှုပ်ထွေးပွေလီလှတဲ့ လူမှုဘဝတွေထဲ ပြန်ဝင်လာကာ ဒီကလေးတွေကို လာစောင့်ရှောက်ရတာပင်။

အခုတော့ သက်ညှာပင် ဗိသုကာပညာရှင်တစ်ယောက် ဖြစ်ခဲ့ပြီ။ သက်ညှာနှင့် အသက်ခုနှစ်နှစ်ခန့်ကွာသော အငယ်လေးသတ်ပုံပင် ဆယ်တန်းအောင်ပြီးပြီ။

“ကြီးကြီး”

“ဟဲ့ ... ပလုပ်တုတ်”

“ဘာတွေ တွေးနေတာလဲ ကြီးကြီးရဲ့ ”

“ညည်းတို့ အကြောင်းကလွဲပြီး ကျုပ်မှာ ဘာတွေးစရာရှိမှာ လဲ ဒေါ် သက်ညှာရယ်”

“သမီး အပြင်သွားမလို့ ကြီးကြီး၊ City Mark မှာ လိုတာလေး ခဏသွားဝယ်လိုက်ဦးမယ်၊ ကြီးကြီး ဘာမှာ ဦးမလဲ”

“စပျစ်ခြောက်ဝယ်ခဲ့ဦး၊ ကုန်နေပြီ”

“ဟုတ် ... ဒါပဲလား”

“အေး ... စောစောလည်း ပြန်ခဲ့ဦးနော်၊ ညနေကြီးကြီးဘုရားသွားချ

င်လို့ ”

“ဟုတ် ... ကြီးကြီးနဲ့ သတ်ပုံအဆင်သင့် လုပ်ထားလေ၊ ညှာ ပြန်လာရင် သွားကြမယ်”

ကားသော့ဆွဲပြီး အပြင်ကို ထွက်လာတော့ အပေါ်ထပ်က လှူ့ခွစာ ကို ပန်းကြိုက်နှင့်တွေ့သည် ။ အမယ်လေး ... သူမကိုမြင်တော့ စားမလို ဝါးမလို ဒေါသတစ်ထောင်ထွက်နေသောရုပ်ကြီးနှင့်။ ဘယ်ရမလဲ သက်ညှာကို ဒီလို လာချိုးရင် သက်ညှာရဲ့ မျက်စောင်းကလည်း အကြောင်းသုံးပါး မရွေးတတ်။

“ဟင်”

သက်ညှာ နောက်ဖေးဝရန်တာမှာ ခုနတင် အဝတ်တွေ ထွက်လှမ်းထားခဲ့သည် ။ အဝတ်တွေဆိုတာက ဂွမ်းကပ်ထူထူတွေ နေရောင်ပြရုံလှမ်းတာ ခုတော့ ရွဲရွဲနစ်နေပေါ့ပေါ့ ။

အပေါ်ထပ်ကို မော့ကြည့်လိုက်တော့ ဘုရားပင် တ,ရ မတတ် အပေါ်ထပ် ဝရန်တာ တစ်ခုလုံးဟာ ပန်းပင်မျိုးစုံ စိမ်းလန်းစိုပြည်လို့ ။

ဒီတစ်ခါတော့ နောက်ဖေးလှေကားကို အသုံးမချတော့။ ရှေ့ဘက်ကနေ ပတ်ထွက်ပြီး အပေါ်ထပ်တံခါးကို ဝုန်းဒိုင်းကြဲအောင် ထုပစ်သည် ။

တံခါးကို တော်တော်နှင့် လာမဖွင့်၍ သူမ ဒေါသတကြီး ထပ်အထုမိုးလကလည်း တံခါးကို အဖွင့် သက်ညှာရဲ့ အင်ပြည့် အားပြည့် လက်သီးက မိုးလမျက်ခုံးရိုးနှင့် မိတ်ဆွေဖြစ်သွားတော့သည် ။

“ဟာ ... တောက်၊ မင်းကွာ မိန်းကလေးမို့လို့ ”

“ရှင်က ဘာလုပ်ချင်သေးလို့ လဲ၊ ဒီမှာ ရှင် လူစိတ်ရောရှိရဲ့ လား၊ ရှင် အပေါ်ကနေ စိုက်ချင်ရာအပင်စိုက်ပြီး ရေလောင်းချသရွေ့ အောက်မှာ

စိုရွဲနေရတာ အကြိမ်ကြိမ်ဖြစ် လာပြီ။ ခုလည်း ကျွန်မ ဂွမ်းကတ်တွေ ထုတ်လှမ်းထားတာ စိုကုန်ပြီ”

“ဆောရီး”

“ဆောရီးရုံနဲ့ ရမလား၊ နောက်မလုပ်ပါဘူးလို့ ရှင် တောင်းပန်စမ်း”

“ဟာ ဟ … မင်း ငါ့ပန်းအိုးကို တက်ခွဲသွားတုန်းကဆောရီးတောင် မပြောခဲ့ဘူးလေ အမိရဲ့ ၊ လောဘကြီးလှချည်လား”

“ရှင်မှားလို့ ရှင်ခံရတာလေ၊ ရှင့်ရေတွေကျလို့ လုပ်တာပဲ”

“အေးလေ … ခုလည်း လုပ်ပေါ့၊ သွားခွဲသွား၊ ဒါပေမဲ့ သတိတော့ ထားနော်၊ ငါ့ပန်းအိုးနား မသာမာသူ အဖျက်သမားတွေ ကပ်မှာ စိုးလို့ သံဆူးကြိုးတွေနဲ့ ကို ကာထားသေးတာ၊ စူးရင် တာဝန်မယူဘူး”

ပြောပြီး တံခါးပိတ်သွားသည် ။ ညှာ့မှာ ဒေါသတွေတစ်ပုံတစ်ခေါင်းနဲ့ ထိုအခန်းရှေ့မှာ သက်ရှိကျောက်ရုပ်ကြီးပမာ။ မျက်လုံးနှစ်ဖက် ပြူးထားပြီး ပါးကြီးဖောင်းလောက်အောင် အသက်ရှူတွေ မြန်နေရသည် ။

မိုးလက ချောင်းကြည့်ပေါက်ကနေကြည့်ပြီး သဘောတွေကျနေ၏။ ပြီးတော့ CD Player ရှေ့ပြေးကာ အပေါ်ထပ်နှင့်အောက်ထပ်ဇာတ်လမ်း သီချင်းကို အကျယ်ကြီး ဖွင့်ပစ်လိုက်သည် ။

ညှာက တံခါးကို သဲကြီးမဲကြီး မျက်စောင်းထိုးပြီးဆင်းသွားသည် ။

ခဏနေတော့ မိုးလရဲ့ အခန်း ခေါင်းလောင်းကြိုးအဆွဲခံရသည် ။ အောက်မှာ ရပ်ကွက်လူကြီးတွေ။ ဘုရား … ဘုရား။ ဒီလိုနဲ့ မိုးလ ရပ်ကွက်ရုံးရောက်ပြီး ခံဝန်ကတိ လက်မှတ်ထိုးလိုက်ရ၏။

နောက်ကို အလားတူဖြစ်ရပ်မျိုး မဖြစ်စေရပါဟု လေ။ နောက်တော့

မိုးလရဲ့ ဝရန်တာက

“နေနှင့်ဦးပေါ့ မြသက်ညှာရယ်”

ဒီပါက လှောင်ပြုံးတစ်ဝက်ဖြင့် ...

“တော်ပါတော့ မိုးလရာ၊ မရှာပဲ ငြိမ်းမနေစမ်းပါနဲ့ ၊ ပြီးရင် မင်းပဲ ခံရပြန်တာပဲ”

“ငါ မလုပ်ရက်လို့ ပါကွာ၊ ညစ်ချင်ရင် ညစ်စရာတွေ အပုံကြီး။ ဒါပေမဲ့ တစ်ဖက်တစ်လမ်းက ပြန်ကြည့်ရင် သူကငါ အမြင်ကတ်ကတ်နဲ့ ချစ်ရတဲ့ သူ ဖြစ်နေပြန်တယ်လေ။ အဲဒါကြောင့် လျှော့ထားတာပါကွ”

“သိနေတယ်လေ”

“သူ့အဒေါ်ကြီးကတော့ ငါတို့ ကို အားနာနေပုံပဲကွ”

“အေး…အဲဒီအဒေါ်ကြီးက Key ပဲလေ၊ သူ့ကိုဝင်လုံးထားရမယ်၊ ပြီးတော့ သူ့ညီမလေးရောပဲ”

“မင်းကလဲကွာ၊ သူ့အဒေါ်ရော ညီမပါ ဒီလောက် သူ့ဩဇာညောင်းတာ၊ အဓိက,က သူပဲ၊ သူကိုက ဒဲ့ဝင်လို့ ရမှာ မဟုတ်ဘူး ၊ ဒီတော့ ဘေးတိုက်ဖြတ်ဝင်ရမယ်၊ မိုးလပါကွာ၊ မိုးလကြံရင် ရကိုရရမယ်၊ သူ့ကို ပြဿနာများများ ရှာပေးရမယ်၊ ပြီးရင် ငါတို့ နှစ်ယောက်က ပြဿနာတွေနဲ့ ပဲ နီးစပ်သွားစေရမယ်၊ အဲဒီတော့ကာ ...”

“ဒီတစ်ခါ ပန်းပင်ထပ်စိုက်၊ ရေထပ်လောင်းရင်တော့ မင်း ရပ်ကွက်ရုံး ရောက်မှာ နော်၊ ငါပါရော သိက္ခာကျမှာ တော့ မလုပ်ပါနဲ့ ကွာ၊ ဒီအခန်းက ရပ်ကွက်ရုံးကို ခဏ ခဏ သွားရတယ်ဆိုပြီး နာမည်ကြီးနေပါ့မယ်”

"ကျွတ် ... နည်းဟောင်းကြီးတော့ သုံးပါ့မလား၊ ဒီတစ်ခါတစ်ကွက် အသစ်ရှေ့မှာ "

မိုးလဟာ သူ ကြုံးဝါးနေသလို အကွက်သစ် မရှေ့လိုက်ရသော ရာ သက်ပန် ပြဿနာထုပ်နှင့် မျက်နှာချင်းဆိုင်လိုက်ရသောအခါ ...။

"သတ်ပုံ ... နင်ဟာလေ၊ အမှတ်ကို မရှိဘူး၊ စနေတနင်္ဂနွေရောက် တာနဲ့ ဂိမ်းဆော့ဖို့ ပဲ စဉ်းစားနေတာပဲ၊ ကျူရှင်မရှိဘူးလား"

"ကျူရှင်ချိန်က စောသေးလို့ ပါ မညာရယ်၊ ခဏတဖြုတ်ဆော့တာပါ "

"စောရင် စာကျက်ပါလား၊ ကျောင်းတွေဖွင့်ရင် ကျောင်းစာတွေနဲ့ နပန်းလုံးရတော့မယ်၊ အခုချိန်မှာ ပဲ အပြင်သင်တန်းကစာတွေ အေးအေး လူလူ ကျက်ချိန်ရှိတာ၊ သတ်ပုံနော် ငါ မပြောချင်လို့ ကြည့်နေတာနော်၊ တနင်္လာကနေ စနေနေ့ဝက်အထိ ငါ ကုမ္ပဏီသွားနေတာ၊ အဲဒီအချိန် တွေဆိုလည်း သတ်ပုံတို့ လွတ်လပ်ရေးပဲ၊ တစ်ချိန်လုံး Game ပဲဆော့နေ မှာ ငါမသိဘူး ထင်နေလား"

"အား ... အိမ်မှာ မညာရှိရင် နားကိုငြီးတာ၊ တော်ပြီကျူရှင်ပဲ သွား တော့မယ်"

"ခုနကတော့ စောသေးတယ်ဆို"

"အခုမညာဆူနေတာနဲ့ အချိန်ပြည့်သွားပြီ၊ သွားရတော့မယ်"

"ငါ လိုက်ပို့မယ်"

ပြောပြောဆိုဆို သက်ညာက ကားသော့ဆွဲတော့...

"ဟာ ... လိုက်မပို့နဲ့ ၊ မပို့ပါနဲ့ ၊ ကားပေါ်မှာ နားငြီးရမှာ ထက်စာရင်

Bus တိုးစီးတာကမှ စိတ်သက်သာသေးတယ်”

ပြောပြီးတာနဲ့ သတ်ပုံက ပြေးဆင်းသွားသည် ။ သက်ညှာ ဘာမှ ပြောချိန်မရလိုက်ခင် သတ်ပုံက အောက်ထပ်ရောက်သွားပြီ။ ကြီးကြီးက ထမင်းစားခန်းဘက်မှ ထွက် လာပြီး…

“သတ်ပုံရော ညှာ”

“ကျူရှင်သွားပြီ ကြီးကြီး၊ ညှာ ဆူနေလို့ ဆင်းပြေးသွားတယ်လေ၊ ဟွန်း…ကားနဲ့ လိုက်ပို့ပေးပါ့မယ် ဆိုတာတောင်ကားပေါ်မှာ ဆက်ဆူနေမှာ စိုးလို့ တဲ့ ဒီတိုင်း သွားလေရဲ့ ”

“အင်း…ညှာကို ပြောရဦးမယ်နော်၊ ညှာက သတ်ပုံလေးကို သိပ်ပြီး ပူပူဆူဆူ မလုပ်ပါနဲ့ ကွယ်၊ သူ့ဘာသာ အိမ်ကပ်ပြီး ငြိမ်နေတဲ့ ဆယ်ကျော်သက်က ညှာလုပ်တာနဲ့ အပြင်မှာ ပျော်သွားမှာ စိုးလို့ ပါ၊ ဘာပဲဖြစ်ဖြစ် ဒီမြီးကောင်ပေါက်အရွယ်ဆိုတာ ပိုးဖလံတွေလေ၊ မီးကို ပူတယ်ပြောလည်း ယုံမှာ မဟုတ်ဘူး တိုးကြည့်ချင်တာ၊ အဲဒါကိုမှ မီးကို မတိုး,တိုးချင်အောင် မီးကို သတိမရ,ရအောင် သတိပေးမိသလို ဖြစ်နေမှာ စိုးလို့ ညှာရေ၊ တစ်ခါတလေကျတော့ ကိုယ်ချစ်တာက နှစ်သလို ဖြစ်သွားတတ်တယ်ညှာ၊ သိပ်ပြီး ပူပူဆူဆူ မလုပ်ပါနဲ့ ညှာရယ်… နော်၊ ညှာက အသက်အရွယ်ရော အသိဉာဏ်ပါ ကြွယ်ဝပြီးသားဆိုတော့ သတ်ပုံလေးအတွက် စိတ်ပူတယ် သမီးရယ်နော်”

သက်ညှာက တွေတွေဝေဝေ စဉ်းစားနေပြီးမှ …

“ဟုတ်ကဲ့ ကြီးကြီး၊ ညှာ သဘောပေါက်ပါတယ်”

ထို့နောက် သက်ညှာက ညီမဖြစ်သူနဲ့ သူမ အတူအိပ်သော အိပ်ခန်းထဲကို ဝင်လာလိုက်ပြီး သတ်ပုံရဲ့ စာကြည့်စားပွဲမှာ ဝင်ထိုင်ကာ ဘာရ

ယ်မဟုတ် ညီမလေးရဲ့ စာအုပ်တွေကိုစီပေးနေမိသည် ။

စားပွဲပေါ်မှာ ညီမဖြစ်သူ မှန်သတ်ပုံကို ကြည်လင်သောအပြုံးက လေးနှင့် တွေ့ရသည် ။ ထိုပုံလေးက သတ်ပုံ ဆယ်နှစ်သမီးက ပုံလေးရယ်။ ညီမလေးအကြောင်း စဉ်းစားရင်း သွားလေသူ ဖေဖေနဲ့ မေမေကိုပါ သတိရမိသည် ။ မေမေတို့ သာရှိရင် သူမ ဒီလိုတွေးပူစရာ လိုမည်မထင်ပါ။

“ဒေါက်”

ဟင်…ညီမလေးရဲ့ ဖိုင်ထဲက ထွက်ကျလာသောကတ်လေးတစ်ခု။ အပြာရောင်မှာ အသဲပုံလေးတွေအများကြီးပါသော ကတ်ကလေး။

“ချစ်သောမှန်မှန် ထာဝရပျော်ရွှင်ပါစေ”

ဘုရားရေ…ဘာဖြစ်တာလဲ၊ ညီမလေးမှာ စိတ်ဝင်စားရမယ့်လူ ရှိနေပြီလား။ သွေးနားထင်တက်ဆောင့်သည့် ခံစားချက်ကို ပထမဆုံး ခံစားဖူးလိုက်ပြီ။

“မှန်မှန်”ဆိုပါလား၊ အောက်မှာ ပုံမလာပန်းမကျလက်မှတ်တစ်ခုနှင့် လက်ရေးခပ်စုတ်စုတ်။ အမည်နာတစ်ခု“မှန်ချစ်သူ”တဲ့ ။ ဘုရားရေ…အသက်နှစ်ဆယ်ခြောက်နှစ်ရှိပြီဖြစ်တဲ့ သူမမှာ တောင် ဒီကိစ္စတွေ စိတ်မဝင်စားနိုင်သေး။ ညီမလေးသတ်ပုံက ဒီအရာတွေနဲ့ ထိတွေ့ပတ်သက်နေပြီတဲ့ လား။

အားအားရှိ အပြင်သင်တန်းတွေ တက်ခိုင်းမိနေသောညာကိုယ်ညာပဲ အပြစ်တင်မိသည် ။ အခန်းထဲမှာ သူ့ဘာသာဂိမ်းဆော့နေတာကမှ ကောင်းဦးမည်ထင်ပါရဲ့ ။ ညာက တော်စေ တတ်စေချင်လို့ လုပ်ခိုင်းကာမှ တောင်ပံတပ်ပေးသလိုဖြစ်မှာ လည်း စိုးမိသည် ။

"ကြီးကြီးရေ"

ကြီးကြီးပဲ ပြေးတိုင်ပင်ရသည် ။

"ကဲ...ပြောပါသော်ကော ညှာ၊ ပါးစပ်တောင် မပိတ်ရသေးဘူး ဇာတ်လမ်းကပေါ် လာပြီ၊ ဒါပေမဲ့ အခြေအနေကသိပ်မဆိုးနိုင်သေးပါဘူး၊ ကောင်လေးဘက်က တစ်ဖက်သတ် စိတ်ဝင်စားတာမျိုးလည်း ဖြစ်နိုင်တာပဲ၊ သတ်ပုံလေးပြန်လာရင် ကြီးကြီးတီးခေါက်ကြည့်ပါဦးမယ်၊ ဒါပေမဲ့ညှာကတော့ မသိချင်ယောင်ဆောင်နေလိုက်။ ကြီးကြီးဘာသာ ကြည့်ကျက်မေးကြည့်မယ်"

"ဟုတ်...ကြီးကြီး ကောင်းသလိုသာ စီစဉ်ပါတော့ကြီးကြီးရယ်၊ ညှာခေါင်းတွေတောင် ကိုက် လာပြီ။ ကောင်းစားစေချင်လို့ ရွှေဘုံပေါ်တင်ပေးတာကို မြင့်တယ်ဆိုပြီး ခုန်ချချင်နေပြီလား မသိပါဘူး"

"တစ်ခါတလေကျတော့လည်း ရွှေငွေစိန်တွေထက် စိတ်ချမ်းသာဖို့က ပိုပြီးအရေးကြီးတာ ညှာရဲ့ ၊ လူတစ်ယောက်ဟာ ဘာစိတ်အနှောက်အယှက်မှ မရှိဘူးဆိုရင် ဘယ်နေရာမဆို ပျော်မှာ ပဲ၊ ကန္တာရမှာစိန်တုံးကြီး ဖက်ထားရတာထက်စာရင် အိုအေစစ်မှာ စမ်းရေတစ်ပေါက်သောက်နေရတာကို ပိုပြီးလိုချင်တတ်ကြတယ် ညှာ၊ ဘယ်အရာမဆို တစ်ဖက်စွန်းမရောက်တာပဲ ကောင်းတယ်"

"ညှာ စိတ်ညစ်တာပဲ သိတော့တယ် ကြီးကြီးရယ်"

"ကဲပါအေ၊ ညည်းလေးအလုပ်လုပ်မလို့ မဟုတ်လား၊ စိတ်အေးလက်အေး သွားလုပ်၊ ကြီးကြီး သတ်ပုံကို မေးမြန်းကြည့်ပါဦးမယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ကွန်ပျူတာရှေ့သာ ထိုင်နေသော်လည်း စိတ်ကမကြည်မလင်တော့

ဘာအိုင်ဒီယာမှ ထွက်မလာပါ။ သတ်ပုံရဲ့ မျက်နှာ နုနုလေးကိုပဲ မြင်ယောင်ကာ ပူပန်ခြင်းက ကြီးစိုးနေတာမို့ ကားသော့ဆွဲပြီး သတ်ပုံရဲ့ ကျူရှင်ကို သွားကြိုမိသည် ။ သူမကိုယ်တိုင်သွားအပ်ပေးထားသော ထိုသင်တန်းမှာ သတ်ပုံရှိမနေခဲ့သောအခါ။

"သတ်ပုံကို မစွပ်စွဲနဲ့ မညှာ၊ မဟုတ်ဘူး လို့ ပြောပြီးပြီ။ ဒီနေ့က ကျူရှင်မရှိဘူး ဟုတ်တယ်၊ ဒါပေမဲ့ အိမ်မှာ နေရင် မညှာဆက်ပြီး ပွားနေမှာစိုးလို့ ဂိမ်းသွားဆော့နေတာ"

"ဘုရားရေ...နင် အဲဒီလိုတောင် လစ်ထွက်တတ်နေပြီဟုတ်လား၊ သွားစရာလား၊ အဲလိုသွားရအောင် ကိုယ့်ကိုကိုယ် မိန်းကလေးဆိုတာရော သတိရသေးရဲ့ လား"

"ဟင်...အိမ်မှာ ဆော့တော့လည်း မညှာ ပွားတယ်လေ၊ အဲဒီတော့ အပြင်ပဲ သွားရတာပေါ့"

"အဲ...သွားဦး၊ အဲဒါ သွားဦးဟာ"

"ဘုန်း...အုံး"

သက်ညှာဟာ သူ့ကို တစ်ခွန်းမကျန် ပြန်ခံတွက်နေတဲ့ ညီမဖြစ်သူကို ဒေါသတွေ ဖြစ်လာကာ ခေါင်းတွေခေါက်နီးစပ်ရာ ဆွဲလွဲထုရိုက်ပစ်သည် ။

"ဟဲ့...ဘယ်လိုဖြစ်နေကြတာလဲ၊ ညှာ မလုပ်နဲ့ လေ၊ ပုံပုံကလည်း မမကိုပြန်မပြောရဘူးလေ၊ ငါတော့စိတ်ညစ်တာပဲ၊ ဒီကလေးတွေနဲ့ "

ကြီးကြီးက မနေသာဘဲ ညီအစ်မနှစ်ယောက်ကို လူချင်းခွဲပစ်ရသည် ။ သတ်ပုံက အံကြိတ်ပြီးခံသည် ။ တစ်စက်ကလေးမှ မငိုးငြူ။

"တော်ပြီ၊ ဒီကရှေ့ ဘာသင်တန်းမှ မတက်ရတော့ဘူး၊ ဒီကရှေ့ အိမ်

ထဲကအိမ်ပြင်ထွက်ဖို့ မစဉ်းစားနဲ့ ၊ ဒါပဲ”

သတ်ပုံက ထုံပေပေနှင့် ဘာမှ မတုံ့ပြန်ပါ။ ကြီးကြီးဘက်လှည့်ကာ …

“ကြီးကြီး ဘာချက်လဲ၊ ပုံပုံ ဗိုက်ဆာတယ်”

“ဝက်စတူးလေးချက်တယ်၊ လာ…လာ စား၊ ကြီးကြီးထည့်ပေးမယ်”

သက်ညှာက ညီမဖြစ်သူရဲ့ အချိုးကိုကြည့်ပြီး ဒေါသထွက်ရလွန်းသဖြင့် ဝရန်တာဘက် ထွက်ရပ်နေလိုက်သည် ။

သတ်ပုံက သူမရင်ဘတ်ထဲကို မမြင်ဘူးနော်၊ ညီမလေးအတွက် မျှော်လင့်ချက်တွေ ထားလိုက်ရတာ၊ ခုတော့ညီမဖြစ်သူက သူမ မျှော်လင့်သလိုဖြစ်မလာခဲ့။

ထမင်းစားခန်းထဲမှာ လည်း သတ်ပုံကို ကြီးကြီးကမေးခွန်းပေါင်း မြောက်မြားစွာဖြင့် စစ်ဆေးနေသည် ။

“ပုံပုံက ဘာလို့ အဲလိုသွားရတာလဲကွယ်”

“အိမ်မှာ အေးဆေးနေတော့လည်း ပွားနေတာပဲကို၊ ပုံကအဲလိုမသွားလို့ ဘယ်လိုသွားရမလဲ၊ ဒီနေ့က သင်တန်းပိတ်တယ်၊ ဆရာ ခရီးထွက်သွားလို့ ၊ ဒါပေမယ့် အိမ်မှာ နေရင် နားဆူလို့ သွားတာ၊ လမ်းထိပ်ကGame ဆိုင်ကိုပြသွားတာ၊ တကယ် Game သွားဆော့တာ”

“ဘာပြဖြစ်ဖြစ်လေ၊ လူကြီးတွေကို ညာတယ်ဆိုတာမကောင်းဘူး ပုံပုံလေးရဲ့ ၊ နောင်ဆိုအဲလိုမလုပ်နဲ့ ကြားလား”

“လုပ်စရာလည်း မလိုတော့ပါဘူးကြီးကြီးရယ်၊ သင်တန်းမှ မတက်ရတော့တာ”

"ဒါက ညှာ စိတ်တုန်း ခဏပါကွယ်၊ နောက်တော့လည်း စိတ်ပြေသွားမှာ ပါ၊ ကလေးကသာ မမ ကျေနပ်အောင် နေပြလိုက်၊ ဟုတ်ပြီလား"

သတ်ပုံက ဘာမှ မပြော။

ဒါပေမဲ့ အဲဒီနေ့ကစပြီး သတ်ပုံ ဘာသင်တန်းမှ မတက်ရတော့။

သတ်ပုံကတော့ အေးဆေးပင်။ စိတ်ညစ်ပုံလည်း မပြ။ သက်ညှာ သူမကို စကားမပြောတာကိုပင် နားအေးနေပုံရ၏။

ကဲလာတာက သတ်ပုံကို တစ်ဖက်သတ် စိတ်ဝင်စားနေသော ကောင်ကလေး။

ဖုန်းခဏခဏဆက်သည် ။

"ဟဲလို ... မှန်သတ်ပုံနဲ့ ပြောချင်ပါတယ် ခင်ဗျာ"

"ဟိတ် ... ဒီအိမ်မှာ မှန်သတ်ပုံလည်း မရှိဘူး၊ မှားသတ်ပုံလည်း မရှိဘူး"

"ဂွပ်"

ထိုသို့ ဖုန်းတွေလာတိုင်း သက်ညှာ ဒေါသတစ်က ပြန်စသည် ။

"ဟင်း...ငယ်ငယ်ရွယ်ရွယ်နဲ့ နန့်ကြောဆွဲလို့ ခုလို ဖုန်းတလီလီ လာနေတာပေါ့"

"မညှာ မတရားမပြောနဲ့ ၊ သူ့ဘက်ကပဲ ဖြစ်နေတာ၊ သတ်ပုံဘက်က မပါဘူး"

"ဟဲ့...မပါရင် ဟိုက ဖုန်းဆက်ပါ့မလား၊ ဖုန်းနံပါတ်ပေးတဲ့ အဆင့်ဆိုတာ နည်းတဲ့ အဆင့်လား"

"ဖုန်းနံပါတ်ဆိုတာ စုံစမ်းရခက်တဲ့ ကိစ္စ မဟုတ်ဘူး မညာ၊ မညာ စွပ်စွဲနေသလို မဟုတ်ဘူး ၊ မယုံရင်လည်း မသိတော့ဘူး"

ဖုန်းလာတိုင်း ထိုသို့ပြဿနာတက်ရပြီး တစ်ခါမှ သတ်ပုံ ဖုန်းမကိုင်ရပါ။

ဖုန်းဆက်လို့ မရတော့ ကောင်လေးက တိုက်ရှေ့မှာ သီချင်းလာဆိုမျိုးကို နေ့စဉ်လုပ်လာသည် ။

"မှန်မှန် နားသောတဆင်ဖို့ ရွှေနားတော်သွင်းချေင်းပါဗျို့"

"မှန်သတ်ပုံအတွက် အိပ်ယာဝင်သီချင်းများကို ကျွန်တော်များ မှန်ချစ်သူအဖွဲ့က သီဆိုမှာ ဖြစ်ပါတယ် ဗျို့"

စသည် ဖြင့် ရပ်ကွက်ထဲမှာ အရှက်ကွဲရတာက ညစဉ်ရက်ဆက်။ သက်ညာလက်ချက်ဖြင့် ထိုမှန်ချစ်သူအဖွဲ့လည်း ရပ်ကွက်ရုံး မကြာခဏ ရောက်ရသည် ။

ထိုကောင်လေးဟာ ဆယ်တန်းကို သုံးနှစ်ဆက်တိုက်ကျထားသူ။ မိဘတွေမရှိတော့သဖြင့် အဒေါ်ဖြစ်သူနှင့် မှီခိုနေရသူ၊ လက်ကြောတင်းအောင် အလုပ်မလုပ်တတ်သူ၊ အပေါင်းအသင်းတွေနှင့် ဟေးလားဝါးလား ဆန်ကုန်မြေလေး ကောင်လေးတစ်ယောက်ပါ။ သူ့အဒေါ်ကလည်း စရိုက်ကြမ်းကြမ်းရယ်ပါ။ ရပ်ကွက်ထဲမှာ အမြတ်ကြီးစွာ အပေါင်ခံစားသူပီပီ အပေါ်စီးက ဆန်ကြမ်းစားသူမျိုး။

သူ့ အဒေါ်ဆီ သက်ညာက သွားတိုင်တာကို စကားလုံးကြီးကြီးတွေဖြင့် ပြန်ပစ်ပေါက်လိုက်သေးရဲ့ ။

"လူပျိုအပျိုကြိုက်တာ ဘာကိုဆုံးမပေးရမှာ လဲ။ အညီရှိရင်တော့ ယင်အုံမှာ ပဲဟဲ့။ ကိုယ့်အညီကို ယင်မအုံစေချင်ရင် လုံခြုံအောင်သိမ်းပေါ့၊

တို့ ဘက်ကတော့ အဲဒီလောက်သေး သေးမွှားမွှား ကိစ္စတွေထဲ ဝင်ပါဖို့ အချိန်မရှိဘူး”

သက်ညှာမှာ အသားတဆတ်ဆတ်တုန်ပြီး ပြန်လာရသည် ။

“အဲဒါ မညှာ မွေးတဲ့ မီးပဲ၊ ဘာမှ မဟုတ်ပါဘူး ဆိုတာကို မညှာက ခါချဉ်အုံကို တုတ်နဲ့ ထိုးနေတယ်။ ခုမှ တော့အကုန်ပွကုန်ပြီပေါ့။ မထူးပါဘူး အဲလိုထင်ခံရမယ့်အတူတူ အစကတည်းက ပြန်ကြိုက်ခဲ့ရင် ကောင်းသား”

သတ်ပုံက ပေါက်ကွဲသည် ။ နောက်ဆုံးတော့ သက်ညှာဟာ သတ်ပုံကို အခန်းထဲမှာ သော့ခတ်ပြီး အိမ်ပြောင်းဖို့ အတွက် အိမ်ခန်းမြန်မြန်ရှာရတော့သည် ။ သည် ပတ်ဝန်းကျင်က လွတ်ရင်ပြီးရောလေ။

ကြီးကြီးကလည်း ထိန်းရင်း ပိုဆိုးလာသော အခြေအနေကြောင့် အိမ်ခန်းရှာဖို့ သာ စိတ်ဆောလျက် သက်ညှာနဲ့ ကြီးကြီးတို့ ဟာ အိမ်ခန်းရှာ ထွက်နေလိုက်ကြသည် ။

ဖြစ်ချင်တော့ ထိုနေ့က သတ်ပုံကို အခန်းထဲမှာ သော့ခတ်ထားခဲ့ပြီး သက်ညှာတို့ တူဝရီးအပြင်ထွက်သွားလိုက်ရာ နောက်ဖေးတံခါးကို သော့မခတ်မိခဲ့။

သတ်ပုံကလည်း အိမ်ထဲမှာ သော့ခတ်ခံရခြင်းကို တော်တော်ကြီး ပေါက်ကွဲနေမိတာမို့ ရသည့်အခွင့်အရေးကို အသုံးချကာ ထိုအခန်းက လွတ်မြောက်ဖို့ ကြံစည်သည် ။

နောက်ဖေးတံခါးမှ ထွက်ရင် အရေးပေါ်ကြောင်လိမ်သံပန်းလှေကားကို ရောက်မည်။ ထိုလှေကားဖြင့် အောက်ထိဆင်းဖို့ တော့ မဖြစ်နိုင်

င်။ ထိုလှေကားက ဒုတိယထပ်လောက်မှာ သံချေးကိုက်ပြီး ပြတ်ကျနေ၍ အောက်ထပ်ထိမရောက်။ မျက်နှာချင်းဆိုင်အခန်းမှ ထွက်ရန် တံခါးသွားထုသော်လည်း လက်သာနာလာသည် ။ တံခါးက တုပ်တုပ်ပင်မလှုပ်။

"ဒုန်း...ဒုန်း"

"ဟိတ်ကောင် နောက်ဖေးက အသံကြားပြန်ပြီ၊ မင်း ပန်းပင်ရေလောင်းပြန်ပြီလား မိုးလ"

"စွပ်စွပ်စွဲစွဲကွာ၊ လောင်းစရာတစ်ပင်မှ မရှိတာ"

"ဒီတစ်ခါ တကယ်သရဲထင်တယ်"

"ဒီပါရာ နှစ်ဆယ့်တစ်ရာစုဆိုတာ မမေ့ထားနဲ့ ၊ ကြောက်တတ်လိုက်တာ လွန်ရော "

"ဟိတ်ကောင်...ဘယ်ရာစုဘဲဖြစ်ဖြစ် သရဲက ရှိမှာ ပဲကွ"

"ကဲ...ဒီလောက်ရှိစေချင်ရင်လည်း တံခါးဖွင့်ပြီး သွားကြိုဆိုလိုက်ဦးမယ်"

ဒီပ့ါကိုပြေပြီး ကိုယ့်ဘာသာ ထသွားသော မိုးလနောက်သို့ ဒီပါက ထက်ကြပ်မကွာ လိုက်လာသည် ။

တံခါးအပြင်ဘက်မှာ ရပ်နေသူက မိုးလထင်သလိုအကြီးမ မဟုတ်။ ဒီတစ်ခါ အငယ်မ။ ဘာဖြစ်ပြန်ပါလိမ့်။ စတန့်မင်းသမီးတွေ သံချေးတက်လှေကားကို တော်တော်ကိုးစားနေကြသည် ။

"အစ်ကို...အဟဲ၊ တံခါးလေး တစ်ချက်လောက် ဖွင့်ပေးပါလား"

"ဘာဖြစ်လို့ လဲ"

"ဟိုလေ…မမက ကျွန်တော် အထဲမှာ ရှိတာ မသိဘဲ တံခါးကို သော့ခတ်သွားလို့ ကျွန်တော်ကလည်း ဒီနေ့သင်တန်းမှာ စာမေးပွဲဖြေစရာရှိလို့၊ အဲဒါ ဒီကတက်လာရတာ"

"ဖြစ်ရမယ်၊ မင်းအစ်မက တော်တော်ပေါ့ဆတာပဲ၊ ကဲ…လာ၊ လာ…ဝင်"

သတ်ပုံအိမ်ထဲဝင်ကာနီး ဖိနပ်ကိုချွတ်ပြီး လက်ကကိုင်ကာ လျှောက်ဝင်လာသည်။ ပြီးတော့ အမြန်ပင် အိမ်ရှေ့ကိုထွက်ပြီး ဖိနပ်ချွတ်မှာ ဖိနပ်ကို သေချာစီးကာ…

"သွားပြီ အစ်ကို၊ ကျေးဇူး"

"အေး…အေး၊ ရတယ် ညီမလေး"

သတ်ပုံ ဆင်းသွားတာကိုကြည့်ပြီး ဒီပါကလှောင်သည်။

"ဟား ဟ…ညီမလေးတဲ့ "

"အေးကွာ၊ ခေါ်ရတာ အရသာရှိလိုက်တာ"

သူတို့ နှစ်ယောက်ဟာ မကြာမီကျရောက်လာမည့် ကံကြမ္မာကို မသိစွာနဲ့ လှောင်ပြောင်နေကြလေရဲ့။

ညနေဘက်မှာ တော့ သူတို့ တံခါးကို ရှေ့ဘက်ကနေအခေါက်ခံရပြန်သည်။ သက်ညှာကို ပျက်ယွင်းမှု အဆတစ်ရာမျက်နှာနှင့် တွေ့လိုက်ရသည်။ နောက်မှာ သူမကြီးတော်။

"ဒီမှာ သက်ညှာညီမလေး ဒီအခန်းကိုများ လာသလားရှင်"

သူမမျက်နှာ အနေအထားကိုကြည့်ပြီး လာတယ်လို့ မပြောရဲသောမိုးလဟာ နှစ်မိနစ်လောက် စဉ်းစားပြီးချိန်မှာ တော့ လုံးဝကိုငြင်းပစ်လို

က်သည္ ။

"မလာပါဘူး၊ ဘာလို႔ လဲ"

"မလာရင္လည္း ၿပီးတာပဲ၊ ႀကီးႀကီးေရ ဘယ္လိုလုပ္ၾကမလဲ၊ ေ႐ႊခန္းလည္း မရွိ ေအာက္ခန္းလည္း မရွိ၊ မသိေတြျဖစ္ေနၾကတယ္၊ သြားၿပီ ...သြားၿပီနဲ႔ တူပါရဲ႕ "

တတြတ္တြတ္ေရ႐ြက္ျမည္တမ္းၿပီး ေျပးဆင္းသြားေသာ သက္ညာကိုၾကည့္ကာ မိုးလရင္ထဲ ထိတ္ခနဲ ျဖစ္သြားသည္ ။

"ႀကီးႀကီး...ဘာမ်ား ျဖစ္လို႔ ပါလဲ ခင္ဗ်ာ"

"ေသာ္...ဘာမွ မျဖစ္ပါဘူးကြယ္၊ ဘာမွ မဟုတ္ဘူး "

သူတို႔ ဆင္းသြားေတာ့မွ ဒီပါက...

"မိုးလေရ...သတ္ပုံေတာ့ လင္ေနာက္လိုက္ၿပီလား မသိဘူးကြ၊ သူ႔ညီမကို တမင္ေတာ့ေသာ့ခတ္ထားခဲ့တာျဖစ္မယ္။ ဘုန္းႀကီးအမူေတာ့ ႐ွာပတ္ၿပီထင္တယ္၊ မင္း မသိဘူး ေျပာလိုက္လို႔ ေတာ္ေသးတာေပါ့"

"တကယ္သာ အဲလို ဆိုရင္ေတာ့ ငါ စိတ္မေကာင္းပါဘူးကြာ၊ သတ္ပုံေလးက ငယ္ငယ္ေလးရွိေသးတာ၊ ဆယ္တန္းေအာင္ကာစဆိုေတာ့ အသက္ေတာင္ျပည့္ဦးမွာ မဟုတ္ဘူး ၊ ငါ တို႔ သြားဝိုင္းရွာေပးရင္ ေကာင္းမလား"

"သူတို႔ က လူမသိေစခ်င္လို႔ ကၽြတ္ရွာေနတာမ်ိဳးဆိုရင္ ငါတို႔ ကူညီတာကို ႀကိဳက္မွာ မဟုတ္ဘူး ကြ"

"ဟိုလိုလို ဒီလိုလိုနဲ႔ ေမးၾကည့္မယ္ကြာ"

"သေဘာကြာ"

သူတို့ နှစ်ယောက် တိုင်ပင်ပြီး အောက်ခန်းတံခါးကို သွားခေါက်တော့ ကြီးကြီးတစ်ယောက်ပဲရှိသည် ။

သက်ညှာက ကားတစ်စင်းဖြင့် သတ်ပုံကို အရှာထွက်ဟန်တူသည် ။ ကြီးကြီးက ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေဟန်တူသည် ။ သူတို့ ကို တံခါးလာဖွင့်ပေးရင်း လက်ထဲမှာ Cordless ဖုန်းဖြင့် ဖုန်းပြောရင်းတန်းလန်း။

“ကြီးကြီး…ခုနကလေ ကျွန်တော်တို့ အခန်းကို လာမေးတော့ ညီမလေးများ တစ်ခုခုဖြစ်လို့ များ လားလို့ ၊ ဟို…ကျွန်တော်တို့ ဘာကူညီရမလဲ ကြီးကြီး”

“သြော်…ရပါတယ်၊ ရတယ်သား၊ သက်ညှာလေ သူ့ညီမကိုမေ့ပြီး သော့ခတ်ထားခဲ့မိလို့ အဲဒါပြန်လာတော့ ညီမက ရှိမနေတာနဲ့ လေ စိတ်ပူပြီး လိုက်မေးနေတာ၊ ဟင်း ဟင်း…သတ်ပုံကလေးက မျောက်မူးလဲကလေးဆိုတော့ နောက်လှေကားက ဆင်းသွားတယ် ထင်ပါရဲ့ ၊ အဲဒါ သူ့အစ်မ လိုက်ရှာနေလေရဲ့ …ဟင်း ဟင်း၊ ရတယ် သား၊ လာမေးတာ ကျေးဇူးနော်”

ဘယ်လိုပင် လှည့်ပတ်ပြောနေသော်လည်း ကြီးကြီးမျက်နှာပေါ်မှာ တစ်ခုခုကို ဖုံးကွယ်ချင်ရိပ်တွေက အထင်းသားပင်။

ကာယကံရှင်က မကြည်ဖြူတာမို့ ကူညီချင်တာကို မျိုသိပ်ပြီး အပေါ်ပြန်တက်လာခဲ့ရသည် ။

“တစ်ခုခုတော့ တစ်ခုခုပဲကွ”

“ဒါပေမဲ့ သူတို့ ကမှ မကြူဖြူတာကွာ”

“ငါတို့ ထင်သလိုသာ ဖြစ်ခဲ့တယ်ဆိုရင် ငါတော်တော်စိတ်မကောင်း

ဖြစ်မိမှာ ပဲ”

“သက်ညှာ အချိန်မီ ပြန်တွေ့ပါစေလို့ ပဲ ဆုတောင်းရတော့မှာ ပေါ့”

မိုးလ ရင်ထဲမှာ တကယ်ပူပင်နေမိပါသည် ။ သူ့ဘာသာ ဖြစ်သွားတာဆိုရင်တောင် အဲလောက် ပူပင်မိမှာ မဟုတ်။ ခုဟာကသူတို့ အခန်းကနေ ထွက်သွားခဲ့တာမို့ ပရောဂက ပါနေသည် ။

ထိုညနေက မိုးလ တစ်ချိန်လုံးဝရန်တာမှာ ထွက်မျှော်မိသည် ။ ကိုးနာရီကျော်တော့ သက်ညှာကားလေး တိုက်ရှေ့ကားပါခ်ကင်မှာ လာရပ်သည် ။ သတ်ပုံ ပါမလာခဲ့ပါလား။

“ဟာ”

“အိုး”

“ခွမ်း…ဂွပ်”

“ဟင်…ညှာ…သက်ညှာ”

“ရှင် လူတစ်ယောက်လုံးမမြင်ဘူးလား၊ ဒီမှာ ပေကုန်ပြီ”

ယုဇနပလာဇာက My Milk ဆိုင်မှာ သားအတွက်မုန့်ဝင်ဝယ်လာသော မိုးလက ကောင်တာ ဘက်မှ လှည့်ထွက်လာသော လူတစ်ယောက်ကိုအရှောင် ဘေးကတစ်ယောက်ကို တိုက် မိသွားတော့သည် ။

ထိုဘေးက တစ်ယောက်က တိုက်တိုက်ဆိုင်ဆိုင် သက်ညှာဖြစ်နေခဲ့သတဲ့ ။

လှိုက်ခနဲ ဝမ်းသာသွားပေမယ့် လောလောဆယ် သက်ညှာရဲ့ နို့နစ်ရောင်စကတ်လေးမှာ ကော်ဖီတွေရယ်၊ ကိတ်မုန့်က ခရင်မ်အနှစ်တွေရယ် ရောင်စုံပန်းချီကား ဖြစ်နေပြီ။

“ညှာ…ကိုယ် ညှာ့အတွက် စကတ်တစ်ထည် ပြန်ဝယ်ပေးမယ်၊ လဲလိုက်နော် ညှာ၊ တော်တော် ပေနေတာ လဲမှ ရမှာ ”

“ရှင် ရှေ့မကြည့် နောက်မကြည့် လုပ်တာကိုး”

“ကြည့်ပါတယ် ညှာရယ်၊ ဟိုတစ်ယောက်ကို ရှောင်နေတာနဲ့ ညှာကို တိုက်မိတာပါ၊ တောင်းပန်ပါတယ်ကွာ…နော်၊ ကိုယ်ပြန်ဝယ်လာပေးမယ်၊ ပလာဇာမှာ ဆိုတော့အတော်ပဲ၊ ဝယ်ရတာ အဆင်ပြေတယ်”

“တော်ပါ၊ ကျွန်မဘာသာဝယ်လိုက်မယ်၊ ရှင်သာ နောက်တစ်ခါ ရှုပ်ပလာမထနဲ့ ”

“ဟုတ်ကဲ့”

သက်ညှာက ပြောပြောဆိုဆိုလှည့်ထွက်ဖို့ ပြင်တော့…

“ဩော်…ညှာ”

“ဘာလဲ”

“ညှာတို့ အခု ဘယ်မှာ နေတာလဲ”

“ဘာလုပ်မလို့ လဲ”

“ကိုယ်တို့ အိမ်နီးနားချင်းတွေ ဖြစ်ခဲ့ဖူးတာပဲ ညှာရယ်၊ မိတ်ဆွေတွေပဲ လိပ်စာလေးတော့ သိထားသင့်တာပေါ့”

“ရှင်နဲ့ ကျွန်မက ဘယ်လိုအိမ်နီးနားချင်းတွေလဲဆိုတာ ရှင် အသိဆုံးပဲလေ၊ အဲဒီတော့ ကျွန်မလိပ်စာပေးဖို့ မလိုဘူးထင်တယ်”

“တစ်နေ့နေ့မှာ လိုအပ်ခဲ့ရင် မဖြစ်မနေ လိုအပ်ခဲ့ရင် ကိုယ် ဘယ်လိုဆက်သွယ်ရမလဲ ညှာ”

သက်ညှာက သူမလက်ကိုင်အိပ်ထဲမှ Visiting တစ်ခု ထုတ်ပေးပြီး

လှည့်ထွက်သွားသည် ။

သူ သက်ညှာရဲ့ ကတ်ကလေးကိုကြည့်ပြီး ငူငေါင်၍ ကျန်ရစ်ခဲ့သည် ။

ပြီးမှ သားအတွက် မုန့်ဝယ်ရမှာ ကို သတိရပြီး ခပ်မြန်မြန် ဝယ်ရသည် ။ သူ အိမ်အမြန်ပြန်ရောက်ချင်ပြီ။ ဒီပွဲကို ညှာနဲ့ တွေ့ခဲ့သည့်အကြောင်း ပြန်ပြောပြရဦးမည်။

အိမ်ရောက်တော့ သားက ကျူကျူပါအောင်ငိုနေသည် ။

“ဟာ…ဘယ်လိုဖြစ်တာလဲ အမိုးရယ်၊ ကလေးက ငိုလှချည်လား”

မိုးလ မျက်နှာကြီးပျက်ပြီး နာနီကို ပြောမိသည် ။ သား ငိုရင် သူ ရင်နာသည် ။ သားမျက်နှာလေး ကြည့်နေမှ သူ စိတ်ချမ်းသာသည် ။ သား…ဥမမည် စာမမြောက် လ,သားကလေး သား၊ ကံကြမ္မာဆိုးလှသည် ။

သားမိခင်ဟာ သားကိုမွေးပြီးပြီးချင်း မီးတွင်းထဲမှာ ဆုံးသည် ။ ဒီတော့ မိုးလက ကလေးတစ်ယောက်နှင့် ကသီရတော့သည် ။ ဒီပါကလည်း ဘာမှ အားမကိုးရ။ မွေးကာစ နီတာရဲကလေးကို ဘယ်လိုမှ မပြုစုတတ်သော မိုးလက နာနီငှားရတော့သည် ။ သိတယ်ဟုတ်၊ နာနီကလည်း အသက်ကြီးပြီး အတွေ့အကြုံရှိရှိမှ ရမှာ လေ။

နာနီက ငယ်နေရင်လည်း သူနဲ့ ဒီပါသာရှိသော ဒီအခန်းမှာ ဘယ်လိုနေရမလဲ။ ဒီတော့ သားခမျာ အမိုးနဲ့ ရေစက်ဆုံရတော့သည် ။

“အိုး…အို့ သားသားရေ၊ တိတ်ပါ သားရယ်၊ ဖေကြီးမချော့တတ်ဘူးနော်၊ ဖေကြီးကိုချစ်ရင် တိတ်ပါ သားရယ်”

“မောင်မိုးလ ကလေးက လေထိုးနေပုံရတယ်၊ ဆေးခန်းသွားရင်ကောင်းမယ်”

“ဟာ…ဆေးခန်းတော့မသွားဘူး၊ ကလေးပန်းမှာ စိုးလို့ ၊ ကျွန်တော့ သူငယ်ချင်း ဆရာဝန်တစ်ယောက်ရှိတယ်၊ သူကိုပဲ လာကြည့်ခိုင်းတော့ မယ်၊ ခုပဲ ဖုန်းဆက်လိုက်ပါ့မယ်”

ညနေ ဆရာဝန် လာပြီး ဆေးတိုက်လိုက်တော့ ငြိမ်သွားသည် ။

“လေနာတာကွ”

“ဟုတ်လား၊ ငါလည်း မသိပါဘူးကွာ၊ သားက တအားငိုနေတာနဲ့ ”

“ဒါနဲ့ မင်း ဘယ်တုန်းက အိမ်ထောင်ကျသွားတာလဲမိုးလ၊ ငါ့လူ ငါ့ ကိုတောင် မဖိတ်ဘူး”

“ဖြုန်းစားကြီးဖြစ်သွားလို့ ပါကွာ၊ အကျဉ်းချုံးလိုက်တော့ ဘယ်သူမှ ကို မဖိတ်ဖြစ်တော့ဘူး”

“ဒါနဲ့ မိုးလ၊ မင်း အမျိုးသမီးကရော”

“သားအမေက သားကိုမွေးရင်း…”

“ဟာ…ငါစိတ်မကောင်းပါဘူးကွာ၊ ခုတော့ မင်း ကလေးတစ်ယော က်နဲ့ ဒုက္ခများ နေတာပေ့ါ”

“မများ ပါဘူးကွာ၊ ဒုက္ခလို့ ငါ မမြင်ပါဘူး၊ သားကိုချန်ထားပေးခဲ့တဲ့ အတွက် ကျေးဇူးတောင် တင်နေသေးတာပါ”

“အင်းပါ၊ ဘာပဲဖြစ်ဖြစ် ကလေးက ငယ်သေးတယ် ဂရုစိုက် သူငယ် ချင်း၊ ကလေးကျန်းမာရေးနဲ့ ပတ်သက်ရင်လည်း အချိန်မရွေး ဖုန်းဆက် လိုက်နော်”

“အေးပါကွာ၊ စိတ်ချသားအတွက် မင်းကို အားကိုးရမှာ ”

ဆရာဝန်ပြန်သွားတော့ ဒီပါ ရောက်လာသည် ။

“ဒီပါ စောလှချည်လား”

“အေး…သား နေမကောင်းတော့ စောပြန်လာလိုက်တာလေ”

“ခုပဲ သူငယ်ချင်းဇော်ဝင်း လာကြည့်သွားပေးတယ်၊ တော်သေးတယ်ကွာ၊ ခုတော့ အိပ်သွားပြီ”

“အေး…ငါတို့ နှစ်ယောက်လည်း ဒီပိစိကွေးကို မချော့တတ်၊ တော်သေးတယ် အမိုးရှိနေလို့၊ အမိုးရော”

“အနီးတွေလျှော်နေတယ်”

ခုပုခက်ဘေးမှာ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းကိုယ်စီချရင်း သွားလေသူ သားမိခင်မျက်နှာကို မြင်ယောင်မိသည် ။ ပြီးတော့ ပုခက်ထဲက သားမျက်နှာနုနုလေးကို ပြိုင်တူ အကြည့်ရောက်မိခဲ့…။

“ငါ ဒီနေ့ သက်ညွှာနဲ့ My Milk မှာ တွေ့ခဲ့သေးတယ်”

“ဟုတ်လား၊ လိပ်စာလေး ဘာလေး မတောင်းခဲ့ဘူးလား”

“တောင်းခဲ့တာပေါ့”

“သူလည်း သတ်ပုံကိစ္စပြီးသွားကတည်းက ငါတို့ အောက်ထပ်က ရွှေ့သွားခဲ့တာနော်”

“သတ်ပုံ အိမ်ထောင်ကျတာကို တော်တော်ရှက်သွားပုံရတယ်ကွ၊ သူတို့ ပြောင်းတဲ့ နေ့က ပစ္စည်းတွေတင်ရင်းပြောသံကြားလိုက်တယ်၊ ကြီးကြီးကို ပြောနေတာလေ၊ သတ်ပုံ ခုလိုစောစောစီးစီး အိမ်ထောင်ကျသွားတာ သူ့အထိန်းအသိမ်းညံ့လို့ တဲ့ ”

“မဆိုင်တော့ မဆိုင်ပါဘူးကွာ၊ လူတစ်ယောက်ဟာ တစ်ခါတလေမှ

ရှောင်လွဲလို့ မရနိုင်တဲ့ ကံကြမ္မာတွေ ရှိတတ်တယ်လေ၊ သတ်ပုံလည်း သူ့ကြမ္မာနဲ့ သူ ဖန်လာလို့ ပဲပြောရမှာ ပေါ့၊ ဒါနဲ့ မင်းအခု သက်ညွှာကို တွေ့တော့ဘယ်လိုနေလဲ”

“ဘယ်လိုနေရမလဲကွာ၊ အဲဒါတွေမတွေးနဲ့ ၊ အဓိက,က မင်းဟာ လွတ်လပ်သူတစ်ယောက် ဖြစ်နေဖို့ ပဲလိုတာ”

“မလွတ်လပ်ဘူးလေကွာ၊ ငါ့မှာ သားရှိသေးတယ်”

“သားကို ငါ့တာဝန်ထားလိုက်ကွာ၊ မင်းနဲ့ သက်ညွှာသာအဆင်ပြေမယ်ဆိုရင် ငါ သားကို တာဝန်ယူတယ်”

“နေပါစေတော့ ဒီပါရာ၊ သူသာ သားကိုလက်မခံရင် ငါသားကို လက်မလွှတ်နိုင်ပါဘူး”

“မင်းကလည်း ကွာ”

“တော်ပြီ ဒီပါ၊ ငါ သက်ညွှာကို ချစ်ပါတယ်၊ ဒါပေမဲ့ သက်ညွှာအတွက် ငါက မရှိမဖြစ် မဟုတ်ဘူး ၊ တကယ်ဆို သားအတွက်က သားဘဝကို တာဝန်ယူပေးဖို့ ငါလိုအပ်တာပေါ့၊ အဲဒီအတွက် ငါ သက်ညွှာနဲ့ သားယှဉ်ရွေးရပြီဆို သားကိုရွေးမယ်”

“သက်ညွှာက မင်းသားကိုပါ လက်ခံမယ်ဆိုရင်ရော”

“အပျိုကလေးတစ်ယောက်က သားတစ်ယောက်အဖေကို ဘယ်ကြည်ဖြူမှာ လဲ”

“အချစ်ရှိရင် ကြည်ဖြူတယ်ကွ၊ မှတ်ထား၊ လောကကြီးမှာ လူတစ်ယောက်ကို ချစ်မိသွားရင် သူ ဘာကြီးဖြစ်နေနေ ဘာပဲလုပ်နေနေ အရေးမကြီးတော့ဘူး၊ အချစ်ပဲလိုအပ်တော့ အဲဒီလိုအပ်မှုကို ရယူဖို့ ကျန်တာအားလုံးကိုဥပေက္ခာပြုပစ်လို့ ရတယ်”

“ဥပေက္ခာပြုလို့ ရတဲ့ အထဲမှာ ဂုဏ်သိက္ခာရောပါလား၊ ချစ်တဲ့ သူအတွက် ထားသင့်တဲ့ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေကိုပါ ဥပေက္ခာပြုနိုင်လို့ လား”

“အချစ်မှာ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေ မရှိဘူး၊ ဂုဏ်သိက္ခာတွေ ကျင့်ဝတ်တွေကို ခွဲခြမ်းစိတ်ဖြာတာက ဦးနှောက်လေ၊ ဦးနှောက်က သူ့အလုပ်သူ လုပ်လိမ့်မယ်၊ နှလုံးသားကလည်း သူ့ဘာသာ ချစ်နေလိမ့်မယ်၊ နှလုံးသားကတင်သွင်းတဲ့ အချစ်ကို ဦးနှောက်က လက်မခံတာပဲရှိလိမ့်မယ်၊ နှလုံးသားထဲက အချစ်တွေကတော့ သေသွားမှာ မဟုတ်ဘူး မိုးလ”

“ဒီပါ မင်း တော်တော်တိုးတက်လာတာပဲ”

“ရူပါက ချူချာလို့ သာ ဒီဘဝမှာ ချစ်ကံခေရပေမယ့် ငါ့မှာ လည်း ချစ်တတ်တဲ့ နှလုံးသားနဲ့ ပါကွာ”

ဒီပါက မှန်ရှေ့သွားရပ်ပြီး ဆွေးဆွေးမြည့်မြည့်ပြောရှာသည် ။ ဒီပါ့ခမျာ အရပ်က ခြောက်ပေကို လူက ပေါင်တစ်ရာ့နှစ်ဆယ်မပြည့်ချင်။ အဲဒီတော့ ဝါးပင်ကြီးကိုင်းနေရင် ဒီပါနဲ့ နင်လား ငါလား အောက်မေ့ရသည် ။

ပြီးတော့ ရူပါကသာ မလာတာ၊ ကြိုက်လိုက်သည့်ကောင်မလေးတွေက အမှန်အကန် လှတပတလေးတွေချည်းပဲ။ (တစ်ယောက်မှ သူ့ကို ပြန်မကြိုက်တာကလွဲရင်ပေါ့။) ဒီပါက မှန်ကို သေသေချာချာကြည့်ပြီးမှ ...

“ရပါတယ်ကွာ၊ ငါ့ထက်စာရင် ကလေးအဖေ မင်းကမှ အလားအလာ ရှိပါသေးတယ်၊ ဒီတော့ ငါပဲ ကလေးအဖေဘွဲ့ ခံလိုက်ပါ့မယ်”

“ဟား ဟား”

မိုးလ အကျယ်ကြီး အော်ရယ်လိုက်တော့ သားက အဲ့ခနဲ အသံမြည်လာသည် ။ ဒီပါက မျက်နှာပျက်ကြီးနဲ့ ...

"ဟိတ်ကောင်...တိုးတိုး၊ သား နိုးမယ်"

သက်ညှာရဲ့ လိပ်စာကတ်လေးကို ထုတ်ကြည့်ရင်း...

"သူ အရင်အလုပ်မှာ မဟုတ်တော့ဘူးကွ၊ ကိုယ်ပိုင် Decoration တစ်ခု ဖြစ်သွားပြီ၊ 'မြသက်ညှာ Home Decoration တဲ့ "

"အင်း...သူက ဗိသုကာနဲ့ ကျောင်းပြီးတာဆိုတော့ ဒါပဲ လုပ်မှာ ပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ်လေ ငါ သက်ညှာကို ဖွင့်ပြောချင်တယ်၊ ပြောခွင့်လေးလောက်တော့ ရချင်ပါသေးတယ်"

"ဟဲလို...မြသက်ညှာနဲ့ ပြောချင်လို့ ပါ ခင်ဗျာ"

"မြသက်ညှာပါ"

"သက်ညှာ...ကိုယ်ပါ မိုးလပါ"

"ဩော်...ဘာကိစ္စလဲ"

"ကိစ္စရှိမှ ဆက်ရမှာ လား ညှာ"

"ဒါပေါ့၊ ရှင် ကျွန်မဆီက လိပ်စာတောင်းကတည်းကမဖြစ်မနေ လိုအပ်လို့ ဆက်သွယ်ချင်ရင် ဆက်သွယ်ရအောင်ဆိုပြီး တောင်းထားတာလေ၊ ကျွန်မမှာ အချိန်ပိုမရှိဘူး၊ ကဲ...ပြော၊ ဘာကိစ္စလဲ"

"ကိုယ် ညှာနဲ့ တွေ့ချင်တယ်"

"ဘာကိစ္စ တွေ့ချင်တာလဲ"

"ပြောစရာရှိလို့ "

“ဘာပြောမှာ လဲ၊ ဖုန်းနဲ့ ပဲပြောလေ၊ ကျွန်မမှာ အချိန်ပိုမရှိဘူး”

“ညှာနဲ့ အေးအေးဆေးဆေးတွေ့ပြီး ပြောချင်လို့ ပါ ညှာ”

သူ့အသံ တည်တည်တံ့တံ့ကို နားထောင်ပြီး ညှာက သဘောတူလိုက်သည် ။

“ကောင်းပြီလေ၊ ဒီညနေ ကျွန်မ ကမ္ဘာ့အေးဂမုန်းပွင့်က Always Café မှာ ရှိနေမယ်၊ ငါးနာရီတိတိ ရောက်အောင်လာခဲ့လေ”

“အိုခေ…So Thanks ညှာ”

“ရတယ်၊ ရှင်သာ ငါးနာရီရောက်အောင်လာ”

သူ ထိုနေ့တစ်နေ့လုံး စိတ်တွေ လှုပ်ရှားနေခဲ့သည် ။ သူတို့ ကုမ္ပဏီက ငါးနာရီမှ ရုံးဆင်းရတာ ဖြစ်သော်လည်း သူကတော့ ရုံးမှ သုံးနာရီလောက်ကတည်းက လက်မှတ်ထိုးပြီးဆင်းကာAlways Cafe ကိုရောက်တော့ လေးနာရီပဲ ရှိသေးသည် မို့ Eternal Floral Service ကို ပန်းစည်းDelivery လှမ်းမှာ လိုက်သည် ။

ငါးနာရီအတိမှာ ဒေါ်တိကျမြဲသက်ညှာ ရောက်လာသည် ။ Eternal မှ ပန်းစည်းကလည်း ငါးနာရီအတိမှာ ရောက်လာသည် ။ သက်ညှာကို ပန်းစည်းကမ်းပေးတော့ မျက်ခုံးပင့်သည် ။

“ဘာအတွက်လဲ”

“အိမ်နီးနားချင်းဖြစ်ခဲ့တုန်းက မပြေလည်ခဲ့တဲ့ ဆက်ဆံရေးတွေအတွက်”

“ကဲပါ…ရှင် ကိစ္စရှိတယ်ဆိုတာ ပြော ”

“သြော်…ညှာကလည်း ကိစ္စက ဒါပဲလေ၊ ပြန်လည်ပြေလည်ရေး အ

ထိမ်းအမှတ် တွေ့ဆုံပွဲလေ”

“ဟာ…ဘာကြီးလဲ၊ ရှင် ရူးနေလား၊ ကျွန်မမှာ အချိန်ရှားပါးတယ်၊ အခုတောင် ကျွန်မ ဒီညနေ Appointment တစ်ခုကို လက်မခံဘဲ ဒီကို လာတာ၊ ဒီလို ရူးကြောင်မူး ကြောင်ကိစ္စအတွက်ဆို မလာပါဘူး။ ကဲ… ကျွန်မပြန်မယ်”

“ညှာရယ်၊ ဒီထိရောက် လာပြီးမှ ကော်ဖီတစ်ခွက်ဖြစ်ဖြစ်သောက်သွားပါဦး”

“ဟင်း…ကျွန်မ တကယ်ခေါင်းကိုက်နေတာ။ ကဲပါ…ကျွန်မ Hot Mil k သောက်ချင်တယ်၊ ဒီမှာ ရလား”

“ရမယ်ထင်တယ်၊ ကိုယ်မှာ ပေးမယ်”

ထို့နောက် သူက စကားဆက်ဖို့ ကြိုးစားသည် ။

“ညှာ အခု Home Decoration လုပ်နေတာနော်”

“ဟုတ်တယ်။ ဘာလဲ ရှင့်အခန်းပြင်မလို့ လား”

“မပြင်နိုင်သေးပါဘူး ညှာရယ်၊ ကိုယ့်ဆရာတစ်ယောက်ကသူ့အခန်းကို ပြင်ဆင်ချင်လို့ တဲ့ ၊ အဲဒါ ကိုယ်က ညှာကိုချိတ်ကြည့်ပေးမယ်လို့ ပြောခဲ့လို့ ၊ အဲဒါ ကြည့်ပေးမလား”

“အင်း…ကျွန်မ ဆန်းဒေးလောက်မှ အဆင်ပြေမယ်”

“ဟာ…ရတယ်…ရတယ်၊ အရင်မလိုပါဘူး ညှာရဲ့ ”

“ဒါဆို ဆန်းဒေး ကျွန်မ ရှင့်ကို ချိတ်လိုက်မယ်”

“ကောင်းတယ် ညှာ၊ ဆန်းဒေးဆိုတော့ ရုံးလည်း ပိတ်တယ်၊ ဆရာလည်း အားတာပေါ့”

“မဆိုးပါဘူး၊ ရှင်နဲ့ လာတွေ့ရတာ

အလုပ်တစ်ခုရတယ်ဆိုတော့လည်း တန်ပါတယ်”

“ညှာကတော့ လုပ်ပြီ။ ကြီးကြီးနဲ့ ညှာ နှစ်ယောက်တည်းနဲ့ ဘာလို့ လောဘတွေ တက်နေတာလဲ”

“အဲဒါ လောဘ မဟုတ်ဘူး ။ ကိုယ်လုပ်နိုင်စွမ်းရှိတုန်းမှာ လုပ်နိုင်သလောက် လုပ်ထားတာ။ အလုပ်ဆိုတာ အချိန်ရှိတုန်း အခွင့်အလမ်းရတုန်း လုပ်ရတာ။ မိုးလွန်မှ ထွန်ချတော့ဘာလုပ်လို့ ရမှာ လဲ”

“ဟုတ်ပါပြီ၊ ဩော်…ဒါနဲ့ စကားမစပ် ညှာ ကလေးချစ်တတ်လား”

“မချစ်တတ်ပါဘူး။ ရှုပ်လွန်းလို့ ၊ နေပါဦး ရှင်က ဘာလို့ မေးတာတုန်း”

“ဩော်…ဘာမှ မဟုတ်ပါဘူး”

*